# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 4, 2019 Volume 24, Number 4


| ၄.၁၀.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၉၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၂.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၉.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၄.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၃၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဂျပန်-မြန်မာ အရင်းအမြစ်၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပြပွဲ ပြုလုပ်မည်




ကုန်သွယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများအတွက် အကျိုးရှိစေမည့် Japan–Myanmar Resource, Trade and Investment Expo 2019 ပြပွဲကို လာမည့် အောက်တိုဘာလ ၁၉ ရက် နှင့် ၂၀ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ အင်းယားလိပ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center (YCC) တွင် နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ယင်းနှင့် ပက်သက်သည့် အကြို သတင်းစာ ရှင်းလင်းပွဲကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် အောက်တိုဘာလ ၃ရက်နေ့က ပြုလုပ်ခဲ့သည်။ အဆိုပါပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဂျပန်ပြည်ပ ကုန်သွယ်မှုအဖွဲ့အစည်း(JETRO) တို့၏ ပံ့ပိုးမှုဖြင့် Synergy Focus International (SFI) က ဦးစီးကျင်းပခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုတာ ကျွန်တော်တို့အနေနဲ့က ငွေကြေးချည်းပဲမဟုတ်ဘူး။ နည်းပညာ၊ အသိပညာ၊ ဈေးကွက် ဒါမျိုးတွေရလာဖို့ မျှော်လင့်တယ်။ ငွေကြေးကတစ်ပိုင်းပေါ့၊ နှစ်နိုင်ငံလုပ်ငန်းရှင်အချင်းချင်း မိတ်ဆက်မယ်။ ပူးပေါင်းလာကြမယ်။ အပြန်အလှန်ကုန်ပစ္စည်းရောင်းမယ်။ သူတို့အချင်းချင်း ချိတ်ဆက်မှုရအောင် ကျွန်တော်တို့က ပံ့ပိုးပေးတာပါဟု Synergy Focus International (SFI) ၏ CEO ဖြစ်သူ ဦးလင်းကျော်ထွန်းကပြောသည်။

ယင်းပြပွဲတွင် ဂျပန်နှင့် မြန်မာနိုင်ငံမှ ကော်ပိုရေးရှင်းကြီးများ၊ကုမ္ပဏီကြီးများ၊ ခရီးသွား အေဂျင်စီများ ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အာမခံ လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများမှ ပြခန်းပေါင်း ၁၆၀ ကျော်ဖြင့် ပါဝင်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး၊ပြပွဲမှ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ် သည်။

**Source:** http://www.mizzimaburmese.com/article/61030

## ဂျပန်နိုင်ငံအားတုန့်ပြန်ရန်အတွက် တောင်ကိုရီးယားနိုင်ငံမှ ၂၀၂၀ ခုနှစ်အတွက် ဘဏ္ဍာရေးရန်ပုံငွေအား အမြင့်ဆုံးသို့တိုးမြှင့်ချပေးခြင်း

ကုန်သွယ်ရေးနှင့်သမိုင်းကြွေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ ယိုယွင်းနေသော ဂျပန် နိုင်ငံနှင့်သံတမန်ဆက်ဆံရေးအား ပြန်လည်ခိုင်မာအောင်တည်ဆောက်နိုင်ရေးအတွက် နောင်နှစ် ၂၀၂၀ ခုနှစ်၏ဘဏ္ဍာရေးရန်ပုံငွေကို ပိုမိုအသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန အနေဖြင့် ဘဏ္ဍာရေးရန်ပုံငွေ ကိုရီးယားဝမ်(၂.၇၄)ထရီလီယံ(အမေရိကန်ဒေါ်လာ ၂.၂ ဘီလီယံ) သုံးစွဲခွင့်အား အမျိုးသားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလဆန်းတွင်တင်ပြသွားမည်ဖြစ် ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရှိရသည်။ အဆိုပါပမာဏသည် ယခင်နှစ်ထက် (၁၁.၅%) ပိုမိုပြီး၊ (၅)နှစ်တာကာလအတွင်း အမြင့်ဆုံး ပမာဏလည်းဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ထမ်းများ၏ အိမ်ရာဆောက်လုပ်ခြင်းနှင့် သံတမန် ရေးရာကိစ္စရပ်များအတွက် ကိုရီးယားဝမ် (၅.၁)ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ပြီး၊ ၎င်း ပမာဏသည် ယခုနှစ်သုံးစွဲမှုထက် (၃၃၀%) ပိုမိုသည့် များပြားသည့်ပမာဏဖြစ်ကာ ဂျပန်နိုင်ငံနှင့် သံတမန်ရေးရာကိစ္စများ၏ လိုအပ်သည့်နေရာများတွင်အသုံးပြု သွားရန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏သံတမန်ဆက်ဆံရေးအတွက် ဘဏ္ဍာရေးပိုမိုတောင့်တင်းမှုရှိစေရန်ရည်ရွယ်ကြောင်း သိရှိရ ပါသည်။

အမေရိကန်နှင့်တရုတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏အဓိကပို့ကုန်တင်ပို့သည့်နိုင်ငံများဖြစ်နေသည့်အတွက် ကာလ ရှည်ကြာနေသည့် အမေရိကန်–တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ နောက် ဆက်တွဲရိုက်ခတ်မှုများခံရနေသည့် တောင်ကိုရီးယား၏ စီးပွား ရေးရာ မသေချာမရေရာမှုပြဿနာများအားဖြေရှင်းရန် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကိုရီးယားဝမ်(၁.၇)ဘီလီယံ လျာထားကြောင်း၊ လျာထားငွေမှအများစုကို ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်ခု၏ ကုန်သွယ်ရေးပြဿနာများရိုက်ခတ်မှုကြောင့် ထိခိုက်မှုအားနောင်တွင်အနည်းဆုံးဖြစ်စေရန် မူဝါဒအသစ်များချမှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် “Big four” ဟု တင်စားခေါ်ဝေါ်သော အမေရိကန်၊ တရုတ်၊ ဂျပန်၊ ရုရှား နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များအတွက် ကိုရီးယားဝမ်ငွေ(၇.၂)ဘီလီယံအသုံးပြုသွားမည်ဖြစ်ပြီး၊ ယခုနှစ်ထက် (၁၆၆%) ပိုမိုများပြားသည့်ပမာဏဖြစ်ကြောင်း၊ အဓိကမဟာဗျူဟာကျ အရေးပါသည့်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး အဆင်ပြေမှုသည်လွန်စွာအရေးကြီးသည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးဌာန၏အဆိုအရ သိရှိရပါသည်။

ထို့အတူ ပေါင်းစည်းညီညွတ်ရေးဝန်ကြီးဌာနမှလည်း ၂၀၂၀ ခုနှစ်အတွက် ဘဏ္ဍာရေး ရန်ပုံငွေအား ယခုနှစ်ထက် (၆.၅%) ပိုမိုသည့် ကိုရီးယားဝမ် (၁.၄၃) ထရီလီယံကို အသုံးပြုသွားမည် ဖြစ်ကြောင်း၊ အဆိုပါရန်ပုံငွေအများစုသည် Inter–Korean Cooperation Fund သို့ ရောက်ရှိမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ Inter–Korean Cooperation Fund ကို ၁၉၉၁ ခုနှစ်တွင် တောင်မြောက်ကိုရီးယားပေါင်းစည်းရေးကိစ္စများအတွက်အသုံးပြုရန် စတင်တည်ထောင်ခဲ့ပြီး ပေါင်း စည်းညီညွတ်ရေး ဝန်ကြီးဌာနမှစီမံကွပ်ကဲကြောင်းသိရှိရပါသည်။ လက်ရှိလည်ပတ်နေသော ရန်ပုံငွေ သို့ကိုရီးယားဝမ်(၁.၂၂)ထရီလီယံခွဲဝေသတ်မှတ် ပေးထားကြောင်း၊ နယ်စပ်ရထားလမ်းများ ပြန်လည်ဆက်သွယ်ပြုပြင်ခြင်းစသည့် တောင်–မြောက်ကိုရီးယား အမျိုးသားပြန်လည် ရင်ကြားစေ့ရေးဆိုင်ရာ စီမံကိန်းများအတွက်အသုံးပြုကြောင်း၊ အဆိုပါကိစ္စရပ်များအား ယခင်နှစ်၊ ဧပြီလတွင်ပြုလုပ်ခဲ့သည့် တောင်–မြောက်ကိုရီးယားပထမဆုံးသမိုင်းဝင်ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံခေါင်းဆောင်များဖြစ်ကြသော တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့မှ သဘောတူညီခဲ့ပြီးဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

**Source: The Korea Times (30-8-2019)**

**စီးပွားရေးသံမှူး-ကိုရီးယား**

## အာဆီယံလေးနိုင်ငံ စင်္ကြံလမ်းနဲ့ ချိတ်ဆက်ဖွံ့ဖြိုးလာမယ့် သီလဝါစီးပွားရေးဇုန်

သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီယားနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်ထားသည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးရေးစီမံကိန်း၏ အထောက်အပံ့ကွင်းဆက်တစ်ခု ဖြစ်လာတော့မည်ဟု ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ၊ မြန်မာဆိုင်ရာ တာဝန်ခံအကြီးအကဲ မာဆယူကီကာရဆဝါက ပြောသည်။ ယင်းကဲ့သို့ဖြစ်လာရန်လည်း လက်ရှိတွင် ပုံဖော်လျက်ရှိသည်ဟု ၎င်းကဆိုသည်။ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးရေးစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများကို ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းအရ နိုင်ငံအလိုက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း များကို တည်ဆောက်နေကြလျက်ရှိသည်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံ၊ မဲဆောက်သို့ ချိတ်ဆက်သော မြဝတီ - ကော့ကရိတ် - အိန္ဒြူ - မော်လမြိုင်လမ်းပိုင်းနှင့် တံတားများကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီတို့၏ အကူအညီဖြင့် ဆောင်ရွက်နေပြီး အဆိုပါလမ်းပိုင်းနှင့်ချိတ်ဆက်၍ စစ်တောင်းတံတားအသစ်နှင့် ကျိုက်ထို-ပဲခူးမြို့ ရှောင်လမ်းသစ်များကိုလည်း ဖော်ဆောင်မည်ဖြစ်သည်။ ပဲခူးမှ တစ်ဆင့် ရန်ကုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့သို့

ဆက်သွယ်နိုင်မည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်၊ မန္တလေးအပြင် မြန်မာနိုင်ငံ၏ အချက်အချာကျသော အခြားနေရာ များနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး ထိုင်းနိုင်ငံမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ဖြတ်သန်းသွားနိုင်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံဝင်ပေါက်အဖြစ်လည်း ဆက်သွယ်လျက်ရှိနေခြင်းကြောင့် ကျယ်ပြန့်သည့် ထောက်ပံ့မှု ကွင်းဆက်အဖြစ် မူတည်ဆောင်ရွက်နေပြီး အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နေသည်ဟု မာဆယူကီ ကာရဆဝါကပြောသည်။ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် တံတားတွေ၊ လမ်းတွေ လုပ်ဆောင်နေပြီး ဒါတွေပြီးသွားရင် ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ကောင်းမွန်ဖို့ ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒ့ါပြင် ရေရှည်အတွက် ဒီလမ်းကြောင်းမှာ အထူးစီးပွားရေးဇုန်လိုမဟုတ်တဲ့ စက်မှုဇုန်မျိုးတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်လို့တော့ ပြောချင်ပါတယ်ဟု ၎င်းကပြောသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကူအညီဖြင့် တည်ဆောက်နေသည့် မြဝတီ-မော်လမြိုင်လမ်း ကွန်ရက်များသည် ၂၀၂၃ ခုနှစ်တွင် ပြီးစီးရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီက မျှော်မှန်းထားသည်။ စစ်တောင်းတံတားသစ် စီမံကိန်းအတွက် ကြိုတင်လေ့လာဆန်းစစ်မှုများ ပြုလုပ်နေပြီး ၂၀၂၆-၂၇ ခုနှစ်တွင် ပြီးစီးရန် လျာထားသည်။ သီလဝါအထူးစီးပွားရေးကို ဇုန်အေနှင့် ဇုန်ဘီ နှစ်ပိုင်းခွဲ၍ စုစုပေါင်းဧရိယာ ဟက်တာ ၆၀၀ ကျော်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လက်ရှိတွင် ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၁၀၀ ကျော် လာရောက် ရင်းနှီးမြှုပ်နှံထားပြီး ကုမ္ပဏီစုစုပေါင်း၏ ထက်ဝက်ကျော်သည် ဂျပန်နိုင်ငံကဖြစ်သည်။ ဆောက်လုပ်ရေးသုံးပစ္စည်း၊ ကုန်စည် ထုပ်ပိုးမှု၊ အထည်ချုပ်၊ အစားအသောက်၊ စိုက်ပျိုးရေးထုတ်ကုန်၊ ထောက်ပံ့ပို့ဆောင်ရေး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်မှု၊ ဆေးဝါးနှင့် လျှပ်စစ်ပစ္စည်း စသည့်လုပ်ငန်းအများအပြား လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ သီလဝါ အထူးစီးပွားရေးဇုန်တွင် လက်ရှိရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီအများစုသည် ပြည်တွင်းဈေးကွက်ကို ဦးတည်သော ကုမ္ပဏီ အများစုဖြစ်ရာ ထပ်မံရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများသည် ပြည်ပဈေးကွက်ကို ဦးတည်သောကုမ္ပဏီများဖြစ်ရန် မျှော်လင့်ထားသည်။

လက်ရှိသီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီအများစုသည် ပြည်တွင်းဈေးကွက်ကို ဦးတည်သော ကုမ္ပဏီအများစုဖြစ်ရာ ထပ်မံရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများသည် ပြည်ပဈေးကွက်ကို ဦးတည်သော ကုမ္ပဏီများ ဖြစ်ရန် မျှော်လင့်ထားသည်ဟု မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ (MJTD) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တိုမိုယာစု ရှီမိဇုကပြောသည်။ လာမည့်နှစ်မှာတော့ ကုမ္ပဏီအသစ် ၂၀ လောက် လာရောက်ရင်းနှီးမြှုပ်နှံဖို့မှန်းထားပါတယ် ဟု ၎င်းကဆိုသည်။ လက်ရှိတွင် ဂျပန်နိုင်ငံက ဆူဇူကီးမော်တော်ကားနှင့် တိုယိုတာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ များသည် သီလဝါအထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံထားပြီး အခြားမော်တော်ယာဉ်အစိတ်အပိုင်းထုတ် စက်ရုံ အချို့လည်း လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် မော်တော်ယာဉ်နှင့်ပတ်သက်သောလုပ်ငန်းများ ထပ်မံလာရောက်ရန် မျှော်မှန်းထားသည်ဟု မာဆယူကီ ကာရဆဝါကပြောသည်။ သီလဝါအထူးစီးပွားရေးဇုန်က ကားလုပ်ငန်းတွေ လာရောက် ရင်းနှီးမြှုပ်နှံဖို့ ဆွဲဆောင်မှုရှိတဲ့နေရာ တစ်ခုဖြစ်လာမယ်လို့ အပြည့်အဝယုံကြည်ပါတယ်ဟု တိုမိုယာစု ရှီမိဇုကပြောသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန်နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းတည်ထောင် ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီ ၁၀၀ ကျော်အနက် ကုမ္ပဏီ ၇၀ ကျော်လုပ်ငန်းများ စတင် လည်ပတ်နေပြီဖြစ်သည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက အလုပ်အကိုင်အခွင့်အလမ်း ၃၇၀၀၀ ကျော် ဖန်တီးပေးထား သည်ဟု ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီက ထုတ်ပြန်ထားသည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander/posts/2364272230492720

## မြန်မာ့ပို့ကုန်များအား အပင်ပိုးမွှားရောဂါ ပါဝင်မှု ရှိမရှိစစ်ဆေးမည်

တရုတ်နိုင်ငံက မြန်မာနှင့် နယ်စပ်ကုန်သွယ်ရေးပြုလုပ်သည့် နယ်စပ်ဂိတ်လေးခုတွင် မြန်မာဘက်မှ တင်ပို့သည့် သရက်၊ ဖရဲ၊ သခွားမွှေးနှင့် ဆီးသီးတို့ကို အပင်ရောဂါ၊ ပိုးမွှား များ ပါဝင်မှု ရှိမရှိ စတင်စစ်ဆေးတော့မည်ဖြစ်ကြောင်းသိရသည်။ နှစ်နိုင်ငံ နယ်စပ်ရှိ ချင်းရွှေဟော်- မိန့်တိန်ဂိတ်၊ ကန်ပိုက်တီ-ဟိုချောင်ဂိတ်၊ လွယ်ဂျယ်- ကျန်းဖုန်းဂိတ်၊ ကြူကုတ်-ဝမ်တိန်ဂိတ်တွင် သစ်သီးဝလံများ စစ်ဆေးရန်အတွက် ကြီးကြပ်၏စီမံခန့်ခွဲသည့်နေရာများ သတ်မှတ်ထားပြီး ကူးစက်ရောဂါပိုးမွှားအန္တရာယ် များကို စစ်ဆေးနိုင်ပြီဖြစ်ကြောင်း တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့က အကြောင်းကြား လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

တရုတ်ဘက်ကို တရားဝင်တင်ပို့ခွင့်ရရှိတဲ့ သရက်၊ သခွားမွှေးနဲ့ကုလားဆီးသီး စတာတွေမှာ ကူးစက်တတ်တဲ့ အပင်ပိုးမွှား ရောဂါပိုးကို ဘေးအန္တရာယ်များပြားတဲ့ ကုန်ပစ္စည်းတွေဖြစ်လို့ တရုတ်ကသေချာစစ်ဆေးပြီးမှဝယ်တယ်။ တရုတ်အကောက်ခွန် ရုံးဖြစ်တဲ့ ကြီးကြပ်စစ်ဆေးရေး သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်နိုင်တယ်ဟု စီးပွားကူးသန်းဝန်ကြီးဌာန တာဝန်ရှိသူ တစ်ဦးက ပြောသည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးမှ မြန်မာ့ဆန်၊ ပြောင်းအပြင် သရက်သီး၊ ဖရဲသီး၊ နာနတ်သီး၊ တစ်သျှူး ၄က်ပျော၊ ချဉ်ပေါင်ဖာလာနှင့် ဝဥအား အများဆုံး တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံက တင်ပို့သည့် လယ်ယာထွက်ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ မြေပဲ၊ ဝဥ၊ ကျွဲကောသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ရော်ဘာ၊ မွေးမြူရေးထွက်ကုန်များဖြစ်သည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်၊ ရေထွက်ကုန်များ ဖြစ်သည့် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဥ့်၊ ကင်းမွန်တို့ကို တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေး ဝန်ကြီးဌာနက အသိအမှတ်ပြုလာရန် ဆောင်ရွက်ထားကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Sources: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## ယခုနှစ်တွင် မွန်ပြည်နယ်၏ ဆားထုတ်လုပ်မှုလျော့ကျ



မွန်ပြည်နယ်တွင် ယခုနှစ် ဩဂုတ်လဆန်းက မိုးရွာသွန်းမှုများပြား ခဲ့သည့်အတွက် ဆားကွင်းများ ပျက်စီးခဲ့ရခြင်းကြောင့် ဆားထုတ်လုပ်မှု လျော့ကျသွားကြောင်း ကုန်သည်များကပြောသည်။ ဩဂုတ်လက ရွာသွန်းခဲ့တဲ့မိုးကြောင့် သံဖြူဇရပ်မြို့နယ်မှာရှိတဲ့ ဆားကွင်းတွေ အများဆုံး ပျက်စီးခဲ့တာဟာ ဆားဂိုဒေါင်အများစုလည်းရေနစ်ခဲ့လို့ ဆားပိဿာချိန် သိန်း ၄၀ ကျော်လောက်ပျက်စီးခဲ့တယ်။ ပြည်နယ်အတွင်း ငါးလုပ်ငန်းတွေ အတွက်သုံးစွဲမှုက လုံလောက်အောင်ဆောင်ရွက်နိုင်ပေမယ့် ပြည်တွင်း ဖြန့်ဖြူးတာတော့ လျော့နည်းခဲ့တယ်ဟု သံဖြူဇရပ်ရှိ ကုန်သည်ဦးမော်က ပြောသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်က မွန်ပြည်နယ်၌ ဆားကွင်း ၇၆ ကွင်း လုပ်ကွက်ဧက ၃၀၀၀ ခန့်မှ ဆားကြမ်း မက်ထ ရစ်တန်ချိန် ၂၃၀၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ပုဂ္ဂလိကဆားချောကြိတ်စက် အရေအတွက် ၃၂ ခုမှ ဆားကြမ်းမက်ထရစ်တန်ချိန် ၇၀၀၀ ကျော်၊ စုစုပေါင်းတန်ချိန် ၃၀၀၀၀ ကျော်ထုတ်လုပ်နိုင်ခဲ့ပြီး၊ ယခုဘဏ္ဍာနှစ် လက်ရှိအချိန်အထိ ဆားကြမ်းမက်ထရစ်တန် ၂၅၀၀၀ ကျော်သာ ထုတ်လုပ်ထားနိုင်ကြောင်း သိရသည်။ သံဖြူဇရပ်မြို့နယ်မှ ဆားချက်တောင်သူ ဦးညိုလှိုင်မြင့်က ဆားကို ပြည်တွင်းမှာပဲ အများဆုံးထုတ်လုပ်ရောင်းချတယ်။ ဆားထုတ်လုပ်တဲ့ ရာသီကုန်ပြီး ၄ လလောက်ဆိုရင် ဈေးကွက် မှာ လက်ကျန်ပြတ်သွားတတ်တယ်။ အဲ့ဒီအချိန်ဆိုရင် ဈေးတက်လာတယ်။ ဒီနှစ်ထဲမှာ ဆားဝယ်ယူမှုတွေ ပိုများခဲ့လို့ သုံးစွဲမှုလည်း တက်လာတယ်လို့ပြောနိုင်တယ်ဟု ပြောသည်။

မွန်ပြည်နယ်သည် ဆားထုတ်လုပ်မှုများသည့် ပြည်နယ်ဖြစ်သည့်အတွက် လုပ်ငန်းများတိုးချဲ့ခြင်း၊ စက်ရုံများ တည်ထောင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုတို့အတွက် ငွေကြေးအရင်းအနှီးအခက်ခဲများရှိနေကြောင်း ၎င်းက ဆက်လက် ဆိုသည်။ ထို့ကြောင့် ဆားဈေးကွက်အတွင်း ဆားကြမ်းတစ်ပိဿာလျှင် ၁၆၀ ကျပ်မှ ၂၀၀ ကျပ်အထိ မြင့်တက်လာခဲ့ ကြောင်း ဆားချော( အိုင်ပိုဒင်းဆား) တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၄၅၀ ကျပ်ကြားရှိနေပြီး ၁၀၀ ကျပ်ခန့် ဈေးမြင့်တက် လာကြောင်းသိရသည်။ လက်ရှိဆားဈေးကွက်အတွင်းသို့ တရုတ်၊ ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသည့် ဆားချောများ ရှိနေသော်လည်း ပြည်တွင်းသုံးစွဲသူများမှ အိမ်သုံးဆား သုံးစွဲမှုလျော့ကျမသွားပဲ တိုးလာသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်း များဖြစ်သည့် စပါးစိုက်ခင်းများတွင် ဓာတ်ဆားသဘောမျိုး ဆားပက်အသုံးပြုလာကြကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဆားထုတ်လုပ်မှုကို ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် အများဆုံးထုတ်လုပ်ပြီး၊ တစ်နိုင်ငံလုံး၏ ဆားထုတ်လုပ်မှုမှာ တန်ချိန် ၂၀၀၀၀၀ အထိ ရှိလာကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2473865439365604?__tn__=K-R

## ကြက်သွန်တင်ပို့ မှု အိန္ဒိယနိုင်ငံ ပိတ်ပင်၊ အာရှတွင် ကြက်သွန်စျေးခုန်တက်

ကြက်သွန်စျေးများခုန်တက်သွားရာ နီပေါနိုင်ငံ ခေတ္တမန္ဒူမှသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အထိ မီးဖိုချောင်အိပ်မက်ဆိုးဝင်ပါတော့သည်။ ဤသို့ ကြက်သွန်စျေးခုန်တက်ခြင်းမှာ ကမ္ဘာတွင် ကြက်သွန်ရောင်းချမှု အများဆုံးအိန္ဒိယနိုင်ငံက မိုးရာသီတွင် မိုးများခဲ့သောကြောင့် ကြက်သွန်အထွက်နှုန်းလျော့သဖြင့် ကြက်သွန်ကို ပြည်ပတင်ပို့ခွင့်ပိတ်လိုက်သောကြောင့်ဖြစ်သည်။ စျေးတွေက ကြောက်စရာကောင်းလောက်အောင် တက်သွားတယ်ဟု ခေတ္တမန္ဒူတွင်စျေးဝယ်ထွက်သော ပိုခါရယ်က ပြောသည်။ ပြီးခဲ့တဲ့ တစ်လတည်းတင် ကြက်သွန်စျေးက နှစ်ဆလောက်တက်သွားတယ်။ အာရှတွင် စားသုံးသည့် ဟင်းလျာများတွင် ကြက်သွန်ကိုအသုံးပြုကြပြီး အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၏ ကြက်သွန်တင်ပို့မှုအပေါ်မှီခိုနေရသည့် တရုတ်သို့မဟုတ် အီဂျစ်တို့ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများဘက်မှ တင်ပို့မှုအကြိမ်ရေနည်းခြင်းကလည်း ကြက်သွန်စျေးအပေါ် သက်ရောက်မှုရှိသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းကြက်သွန်စျေးများ ၁၀၀ ကီလိုဂရမ်လျှင် ၄၅၀၀ ရူပီးအထိ တက်သွားပြီးနောက်တွင် ကြက်သွန်တင်ပို့မှုအားလုံးကိုပိတ်ပင်လိုက်သည်။ ဤသည်မှာ ခြောက်နှစ် တာ ကာလအတွင်း အမြင့်ဆုံးသို့ တက်သွားခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကဲ့သို့ပိတ်ပင်လိုက်ပြီးနောက်တွင် ဘင်္ဂလားဒေ့ရှ်ကဲ့သို့ နိုင်ငံများသည် မြန်မာ၊ အီဂျစ်၊ တူရကီနှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော အခြားကြက်သွန်တင်ပို့သည့်နိုင်ငံများမှ ကြက်သွန်များကို ဝယ်ယူလာကြောင်းသိရသည်။ သို့သော် ရာသီဥတုကြောင့် အိန္ဒိယနိုင်ငံတွင် ပျက်စီးဆုံးရှုံးသွားသော ကြက်သွန်ပမာဏကို အစားထိုးရန်ခက်ခဲသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကြက်သွန်တန်ချိန် ၂ ဒသမ၂ သန်း တင်ပို့ခဲ့သည်။ ဤပမာဏမှ အာရှနိုင်ငံအားလုံး တင်ပို့နေသည့် ပမာဏ၏ တစ်ဝက်ခန့်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကြက်သွန် တစ်ကီလိုဂရမ်လျှင် ၁၂၀ တာကာ (အမေရိကန်ဒေါ်လာ ၁ဒ သမ၄၂ ဒေါ်လာပေးနေရသည်။ ဤသည်မှာ နှစ်ပတ်အတွင်း နှစ်ဆမျှတက်သွားခဲ့ခြင်းဖြစ်သည်။ (တစ်ပိသာလျှင် ၁ ဒသမ ၆၃ ကီလိုဂရမ်ရှိသည်) အာရှနဲ့ဥရောပမှာလည်း စျေးတွေတက်နေတယ်။ တစ်ခြားနိုင်ငံတွေကလည်း အိန္ဒိယက ပိတ်ပင်လိုက်တာကို အခွင့်ကောင်းယူနေကြတယ်ဟု ဒါကာအခြေစိုက် ကုန်သည်တစ်ဦးဖြစ်သူ မိုဟာမက်အစ်ရစ်ကပြောသည်။ သီရိလင်္ကာတွင်လည်း ကြက်သွန်စျေးများမှာ တစ်ပတ်အတွင်း ငါးဆယ်ရာခိုင်နှုန်းမျှ တက်သွားခဲ့သည်။ အိန္ဒိယနိုင်ငံထံမှ ကြက်သွန်ဝယ်ယူမှု ဒုတိယအများဆုံးဖြစ်သော မလေးရှားနိုင်ငံကတော့ ဤသို့ပိတ်ပင်မှုမှာ ယာယီမျှသာဖြစ်မည်ဟုခန့်မှန်းထားပြီး စိုးရိမ်စရာမရှိကြောင်း မလေးရှားနိုင်ငံစိုက်ပျိုးရေးဒုဝန်ကြီး ဆင်ဇီဇင်ကပြောသည်။ နိုဝင်ဘာလလယ်အထိ စျေးကျနိုင်ဖွယ်မရှိပေ။ သဘောမှာ အိန္ဒိယနိုင်ငံအနေဖြင့် ကြက်သွန်တင်ပို့မှု ပိတ်ပင်ခြင်းကို မကြာခင်ဖယ်ရှားသွားဖွယ်မရှိပေ။

**Source:** https://www.facebook.com/amiamyanmar/posts/2475873909164757?__tn__=K-R

## တရုတ်ကိုတင်ပို့သည့် ဖရဲစျေးနှုန်းများ မြင့်တက်လာ



မူဆယ်မှတရုတ်နိုင်ငံကို တင်ပို့နေသည့် မြန်မာ့ဖရဲများမှာ အခုလဆန်းပိုင်းအတွင်းစျေးနှုန်းများပြန် တက်လာတာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ဖရဲများမှာဝယ်လိုအား လိုက်လာတဲ့အတွက် စျေးနှုန်းများမြင့်တက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံ ဖရဲ ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဥက္ကဌဦးနိုင်ဝင်းကပြောပါတယ်။ အရင်လတွေက သူတို့ဆီမှာကလည်း အသီးကပေါ်နေတော့ အဝယ်မလိုက်ဘူး။ တရုတ်ပြည်မှာပြီးခဲ့တဲ့ရက်က ပါးစပြုလာပြီ။ အဲဒီအတွက်အဝယ်ပြန်လိုက်လာတော့ စျေးနှုန်းလေးတွေ ပြန်တက်လာတာပါ။ ဒီအောက်တိုဘာလလအလယ်လောက်ကျ တဖြည်းဖြည်းနဲ့တော့စျေးကောင်းလာမှာပါ။ မြန်မာ့ဖရဲ တစ်တန်ကို ယွမ်၁၅၀၀မှ ၂၃၀၀ယွမ်ထိစျေးနှုန်းရရှိလာပြီး ယွမ် ၅၀၀ မြင့်တက်လာကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ မြန်မာ့ဖရဲကိုတရုတ်ကို အဓိကထားတင်ပို့နေပြီး နောက်လအတွင်းမှာအခြားပြည်ပနိုင်ငံများကိုလည်း တင်ပို့သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/china_export_watermelon_price_is_high

## ပြောင်းဈေးနှုန်းကျဆင်းသဖြင့် ပြောင်းပွဲရုံလုပ်ငန်းများ အရောင်းအဝယ်အေး



ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည် ပြောင်းကို အများဆုံးစိုက်ပျိုးကြသည့် ဒေသတစ်ခုဖြစ်ပြီး လက်ရှိတွင် ပြောင်းဈေးနှုန်းများ ကျဆင်းနေသဖြင့် ယခုနှစ်တောင်သူများ ပြောင်းစိုက်ပျိုးမှုသည် ယခင်နှစ်များထက် လျော့ကျနေကာ ပြောင်းပွဲရုံလုပ်ငန်းများသည်လည်း အရောင်းအဝယ်အေးနေကြောင်းလားရှိုးမြို့ မယ်ဟန်ကျေးရွာရှိ စိန်မျှားပွဲရုံပိုင်ရှင်ထံမှ သိရပါတယ်။ လောလောဆယ်မှာတော့ ပြောင်းအသစ်တွေက နည်းနည်းပဲဝင်လာသေးတယ်။ ကျွန်မတို့ဘက်က ပြောင်းတွေကို အဓိက တရုတ်နိုင်ငံကို တင်ပို့တာပါ။ အခုဆိုရင် တရုတ်ဈေးကွက် ထဲမှာ ပြောင်းဈေးက ကောင်းပေမယ့် ကျွန်မတို့ကိုပေးတဲ့ ဈေးကတော့ တော်တော်နည်းတယ်။ ပြောင်းဈေးက မူဆယ်(၁၀၅)မိုင်မှာ Custom Duty နှုန်းထားနဲ့ဆို အတူတူဖြစ်နေတော့ သိပ်မကိုက်ဘူးလေ။

လက်ရှိပြောင်းစိုက်တောင်သူတွေအနေနဲ့လည်း ပြောင်းဈေးကြောင့် ပွဲရုံတွေကိုမရောင်းဘဲနဲ့ သူတို့အစီအစဉ်နဲ့ သူတို့လှောင်ပြီး ဈေးစောင့်နေကြပါတယ်။ အခုဆိုရင် တောင်သူတွေကလည်း စိုက်တာနည်းတယ်။ ပြောင်းပွဲရုံတွေလည်း အဆင်မပြေ၊ ကားသမားတွေဆိုလည်း မဆွဲတော့ဘဲ ရပ်နားထားတဲ့ကားတွေတောင် ရှိပါတယ်။ အရင်က ကျွန်မတို့ဘက်ကို ရှမ်းပြည်နယ်တောင်ပိုင်းဘက်က ပြောင်းတွေပါဝင်တယ်။ အခုတော့ ရှမ်းတောင်ဘက်ကပြောင်းတွေက မိုင်းလားနယ်စပ်ပေါက်ကနေ တစ်ဆင့်တင်ပို့နေတာကိုလည်း သိရပါတယ်ဟု စိန်မျှားပြောင်း ပွဲရုံပိုင်ရှင်က ပြောကြားခဲ့ပါတယ်။

လက်ရှိ ပြောင်းပေါက်ဈေးအနေဖြင့် တရုတ်နိုင်ငံအတွင်း ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် တရုတ်ငွေဈေး ယွမ် ၁၀၀ မှ ၁၁၀ ယွမ်၊ မြန်မာငွေကျပ် ၂၀၀၀၀ ခန့် ပေါက်ဈေးရှိနေပြီး ၎င်းတို့ပြန်လည်ဝယ်ယူသည့် နယ်စပ်ဈေးကွက်တွင်မူ ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀ ခန့်သာရှိနေကြောင်း၊ ကားသယ်ယူစရိတ်များအနေဖြင့် လားရှိုး-မူဆယ်အထိ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၃၀ ခန့်ဖြင့် သယ်ယူစရိတ်များမှာ ပုံမှန်အတိုင်းသာရှိနေကြောင်း သတင်းရရှိသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2379-corn-prices.html·

## ဗြိတိန်ကုမ္ပဏီများ ဘဏ်လုပ်ငန်းနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စား

ဗြိတိန်ကုမ္ပဏီများက မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကဏ္ဍနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်ကပြောသည်။ မြန်မာနိုင်ငံတွင် ဗြိတိန်စီးပွားရေးလုပ်ငန်း ၉၉ ခု၊ ကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံထားပြီး အထက်ပါကဏ္ဍများ၌ ထပ်မံရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားနေသည်။ ဒီမှာလာပြီး ရင်းနှီးဖို့ကို လည်း ဗြိတိန်မှာဝန်ကြီးကိုယ်တိုင်ဦးဆောင်ပြီး၊ စီးပွားရေးဖိုရမ်တွေလုပ်ပြီး ဖိတ်ခေါ်နေပါတယ်ဟု ဦးသန်းအောင်ကျော်က ပြောသည်။

၂၀၂၀ တွင် ဗြိတိန် နိုင်ငံ၌ စီးပွားရေးဖိုရမ်များ ကျင်းပပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင် ရန် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနကစီစဉ်နေသည်။ အောက်တိုဘာ ၂ ရက်တွင် ဗြိတိန်ပါလီမန်နိုင်ငံတကာဖွံ့ဖြိုး ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဘရိုနက်စ်ဆာ့ဂ် (Baroness Sugg) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လာရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကူအညီအထောက်အပံ့များပေးအပ်ရေး ဆက်လက်ဆောင်ရွက်မည်ဟု ပါလီမန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ ထို့အပြင်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးကဏ္ဍပြုပြင်ပြောင်း လဲမှုများကို ရှင်းပြခဲ့သည်။

ဗြိတိန်နိုင်ငံကဲ့သို့ ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က အမေရိကန်နိုင်ငံမှ ဘဏ္ဍာရေးကုမ္ပဏီများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်အချို့ မြန်မာနိုင်ငံသို့လာရောက်လေ့လာခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင်အခြေအနေကိုသိလိုခြင်းကြောင့် လာရောက်ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

**Source:** https://www.7daydaily.com/detail?id=167678

## ပြည်တွင်းသို့ ကိုရီးယားဘဏ်နှစ်ခု ဝင်ရောက်မည်ဟုဆို




ကိုရီးယားဘဏ်နှစ်ခုဖြစ်သည့် KB Kookmin (KB) ဘဏ်နှင့် ကိုရီးယားစက်မှုဘဏ် (IBK)တို့က မြန်မာနိုင်ငံဈေးကွက်အတွင်း ဝင်ရောက်လာမည်ဖြစ်ကြောင်း အောက်တိုဘာ ၃ ရက် တွင် ကြေညာသည်။ ကိုရီးယားသမ္မတ၏ တောင်ပိုင်းမျှော်မှုဝါဒသစ်အရ ထိုဘဏ်နှစ်ခုသည် ဗီယက်နမ်ဈေးကွက်ပြီးနောက် ပြည်တွင်းဈေးကွက် အမြောက်အမြားရှိနေသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံသည် စီးပွားရေးအလျင်အမြန်တိုးတက်နေခြင်းကြောင့် ကိုရီးယားဘဏ်များ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာသည်ဟုဆိုသည်။ မြန်မာနိုင်ငံ၌ ကိုရီးယား Shinhan ဘဏ်က ၂၀၁၆ တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားပြီးဖြစ်သော်လည်း KB နှင့် IBK ဘဏ်များသည် လိုင်စင်ရရန် ကြိုးစားနေဆဲဖြစ်သည်ဟုဆိုသည်။ မြန်မာအစိုးရက ယခုနှစ်ကုန်လျှင် လိုင်စင်ထုတ်ပေးရန် စီစဉ်နေသည်ဟု ကတိပေးထားကြောင်း ထုတ်ပြန်ချက်ကဆိုသည်။ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ဝင်စားမှုအမြင့်ဆုံးဘဏ်မှာ KB ဘဏ်ဖြစ်ပြီး ရန်ကုန်တိုင်းအစိုးရနှင့် ကိုရီးယားဘဏ်တို့ကြား ဝင်ငွေနည်းပြည်သူများအတွက်တန်ဖိုး နည်းအိမ်ရာဆောက်လုပ်ရန် သဘောတူထားသည်။ အဆိုပါစီမံကိန်းသည် ကိုရီးယားဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်သူများကို စေလွှတ်ရန်သဘောတူခဲ့သည်ဟုလည်းဆိုထားသည်။ KB ဘဏ်က ကမ္ဘောဒီးယားမှာ အောင်မြင်ခဲ့သလို မြန်မာမှာလည်း ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းမှာအောင်မြင်ပါလိမ့်မယ်ဟု ၎င်းဘဏ်ကဆိုထားသည်။

IBK သည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး မြန်မာနိုင်ငံတွင် ဆောက်လုပ်နေ သည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းတွင်ပါဝင်ရန် စီစဉ်ထားသည်ဟုဆိုသည်။ ထိုစီမံကိန်းသည် ကိုရီးယားအစိုးရပိုင် LH ကော်ပိုရေးရှင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ညောင်နှစ်ပင်တွင် ဆောင်ရွက်မည့် မြေဧက ၅၀၀ ကျော်ရှိသည့် စီမံကိန်းဖြစ်သည်။

**Source:** https://www.7daydaily.com/detail?id=167687

## မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် မြေပဲများ အထွက်နှုန်းကောင်းသော်လည်း ရာသီချိန် အစကထက် မြေပဲဈေးနှုန်း ထက်ဝက်နီးပါးကျဆင်း



မကွေးတိုင်းဒေသကြီး မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ တောင်တွင်းကြီး၊ မြို့သစ်မြို့နယ်များတွင် မြေပဲများ ထွက်နှုန်းကောင်းသော်လည်း အောက်တိုဘာလဆန်းပိုင်းတွင် ရာသီချိန်အစကထက် မြေပဲဈေးနှုန်း ထက်ဝက်နီးပါး ကျဆင်းလျက်ရှိသောကြောင့် မြေပဲစိုက်တောင်သူများ တွက်ခြေမကိုက်မည့် အခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။ ဆီထွက်သီးနှံအဓိကစိုက်ပျိုးသည့် မကွေးတိုင်း ဒေသကြီးအတွင်း မိုးဦးကာလတွင် ပင်ပြန့် (သက်ရင့်မြေပဲ) နှင့် မိုးလယ်ပိုင်းတွင် ပင်ထောင် (သက်နု) မြေပဲများ စိုက်ပျိုးလေ့ရှိကြောင်း၊ ယခုနှစ် မိုးဦးပိုင်းက မိုးခေါင်ခဲ့မှုကြောင့် မြို့နယ် အများစုတွင် သက်နုမြေပဲ စိုက်ပျိုးသူပိုမိုများပြားခဲ့ကြောင်း သက်ရင့်မြေပဲများကို စက်တင်ဘာလလယ်ပိုင်းက စတင်နုတ်သိမ်းခူးဆွတ်ခဲ့ကြပြီး ယခုမြေပဲ လှိုင်ချိန်တွင် ရာသီပေါ်စကထက် မြေပဲဈေးနှုန်း ထက်ဝက်ခန့်အထိ ကျဆင်းခဲ့ကြောင်းသိရသည်။ မြေပဲအတောင့်က ရာသီပေါ်စမှာ တစ် တင်းကို ကျပ် ၁၃၀၀၀ လောက်ရှိခဲ့ရာက အခုရက် (အောက်တိုဘာ ၃ ရက်) မှာ မြေပဲအတောင့် တစ်တင်းကိုကျပ် ၇၅၀၀ လောက် ပဲ ဈေးရှိတော့ပါတယ်။ မြေပဲအဆံက တစ် ပိဿာကို ကျပ် ၄၀၀၀ ကျော်ရှိခဲ့ပေမဲ့

အခု ရက်မှာ ကျပ် ၃၀၀၀ လောက်ပဲရှိပါတယ်။ ဈေးကျတာက တရုတ်အမျိုးသားနေ့နီးလာလို့ သူတို့ဘက်ကဘဏ်တွေ အားလုံးပိတ်ထားတော့ နှစ်စဉ်လည်း ဒီအချိန်မှာဈေးကျပါတယ်။ ဒါပေမဲ့ ဒီနှစ်ဈေးကျတာက ပိုဆိုးပါတယ်ဟု မကွေးမြို့မှ မြေပဲပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ရေနံချောင်းမြို့နယ်အတွင်းမှ မြေပဲစိုက် တောင်သူတစ်ဦးက ကျွန်တော်တို့မြို့နယ်ထဲမှာ မိုးဦးပိုင်းက မိုးခေါင်သလောက် မိုးလယ်ပိုင်းကနေ အခုမိုးနှောင်းပိုင်းအထိ မိုးကောင်းတော့ မြေပဲတွေလည်း ကောင်းကြပါတယ်။ ဒါပေမဲ့ မျိုးစေ့ဖိုး၊ ထွန်ရှည်းခနဲ့ ကုန်ကျစရိတ်တွေက တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတော့ မြေပဲပေါ်ချိန်မှာ ဈေးကောင်းကောင်းရောင်းရမှ တွက်ခြေကိုက် တော့မှာပါဟု ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း တောင်သူအများစုသည် နိုင်ငံတော်မှ ထုတ်ချေးပေးသည့် စိုက်ပျိုးစရိတ် ချေးငွေနှင့် ပုဂ္ဂလိက လုပ်ငန်းများမှ ချေးယူသည့် ငွေများဖြင့် အဓိက လည်ပတ်ရသောကြောင့် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းသော်လည်း လှောင်မထားနိုင်ဘဲ ချက်ချင်းထုတ်ရောင်းရလေ့ရှိကြောင်း သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းလေ့ရှိသည်မှာလည်း အလေ့အထတစ်ခုကဲ့သို့တည်ရှိလာကြောင်း မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံကို အဓိကထားစိုက်ပျိုးကြ သော်လည်း ကျေးရွာနေပြည်သူများသည် မြေပဲဆီ၊ နှမ်းဆီစစ်စစ်များကို မစားသုံးနိုင်ဘဲ စားအုန်းဆီကိုသာ အဓိကဝယ်ယူ စားသုံးနေကြရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/138187

## Thura News Views

**World Bank report praises Myanmar progress**

The World Bank's Doing Business 2020 report ranked Myanmar among the top 20 most-improved business environments. The report evaluates countries based on how easy it is to do business in them. It looks at factors such as access to credit, taxation, cross-border trading and registering new businesses. Although, the report will only be published on 24 October 2019, the World Bank praised Myanmar for improvements in quality control, business registration and transparency. Many of these successes are the fruit of new initiatives from the Ministry of Commerce. One of these is the Myanmar Investment Promotion Plan (MIPP) which is designed to attract USD 200 billion in investments in the next 20 years.

MIPP reforms include a centralized property database, online company and property registration platforms and a land bank. The government plans to spend USD 8.5 billion on MIPP projects between 2021 and 2026, reported the Irrawaddy.

In 2016, the NLD government launched its ambitious Myanmar Sustainable Development Plan to develop the country socially, politically and economically. But the progress has been disappointing, with legal reforms in land rights, taxation, education, press freedom and other areas mired in red tape and corruption. Recent challenges include a United Nations call for a boycott on several Myanmar businesses, high levels of unpaid debt, and chronic tax collection issues.

However, 2019 has also seen many major economic breakthroughs. These include expanded telecom coverage, access to power and an increase in power tariffs, online business and property registration systems. If successful, a recently-approved tax amnesty may also incentivize investors to declare more

taxable income and assets. With the recent progress, the Ministry of Commerce aims to be within the top 100 countries overall by next year.

**Low growth expected for foreign direct investment**

Myanmar is unlikely to see a large increase in foreign investment this year, if any. The Myanmar Investment Com-mission (MIC) has predicted only USD 5.8 billion of foreign direct investment (FDI) for the 2019-2020 fiscal year, which began on October 1. This is the same amount forecasted in the 2018-2019 fiscal year. However, during that year, actual investment fell far short of the prediction at only USD 4.5 billion. Most of this went towards transport and communication, the Myanmar Times reported. Additionally, USD 2.4 billion of the funds (around 60 percent) came from 25 Singaporean projects. The next largest investor was China with USD 600 million.

Although human rights abuse allegations and a UN Call call for a global boycott against military-backed businesses dampened investment from western countries, investment from Asian partners remains undaunted. Singapore has made high profile investments in property development and manufacturing, but investments from China are also on the rise. In the coming years, Myanmar expects a strong upswing in investment for infrastructure projects under China's Belt and Road initiative. Plans include new highways and railways linking China with Mandalay and other locations in central Myanmar.

"In 2019-20, we will hold more forums outside Yangon to draw more investors to the other states and regions. We will also promote investments across ASEAN and Europe. We are expecting the bulk of investments to flow into the manufacturing sector," U Thant Sin Lwin, director general of the Directorate of Investment and Company Administration told the Myanmar Times.

**Singaporean steel company to boost Myanmar production**

A Singapore-owned steel producer announced plans to ramp up Myanmar production and manufacture the first coated steel products produced in the country.

This December, the JFE Meranti Myanmar Co. Ltd. (JMM) will begin producing new products for both export and domestic sale under the new brand ALZU. ALZU will be a joint venture between JMM and four Japanese partners. JMM CEO Sebastian Langendorf said Myanmar's booming property and infrastructure sectors will create demand for the new products, which include aluminum-zinc-alloy coated materials for industrial, commercial and residential use. JMM says they will be specifically designed to hold up in Myanmar's alternating seasons of intense heat and heavy rain. "Many new buildings will need to be built, and old ones will need to be renovated or replaced. In order to play a key role in building the Myanmar of the future, JFE MERANTI is introducing ALZU, a durable coated-steel product that is suitable for the Myanmar climate. With that product, developers can create buildings with long-lasting integrity," the Myanmar Times quoted Langendorf as saying.

It does appear that ALZU will have no shortage of potential customers in the coming years. Although some fear that Myanmar is in the midst of a property bubble, the Myanmar government is marching forward with hundreds of mil-lions of dollars worth infrastructure projects in railways, roadways, aviation and energy among other sectors.

In the lead-up to the ALZU launch, JMM has been making high-value agreements with producers operating in Myanmar. In August, for example, JMM signed a joint venture agreement with Thai industrial gas company BIG and Yangon Industrial Gas Trading Co., Ltd., which is building an industrial gas plant in the Thilawa Special Economic Zone.

**MAI to offer direct flights from Yangon to South Korea**

Myanmar Airways International (MAI) will launch a new route from Yangon International Airport to Incheon, South Korea, on December 3. The four weekly flights will depart Yangon at 4:45 p.m. and arrive 12:50 a.m.

The new route, which will bring its international destinations up to 10, will be the latest in a series of investments by MAI. The airline recently expanded its offering of domestic routes to 15 and has claimed it will double its fleet of aircraft by the end of this year.

The expansion comes amid a rough patch for the aviation industry. Foreign tourism has fallen below expectations, and five domestic airlines – FMI Air, Asian Wings Airways, Air Mandalay, Air Bagan, Apex and FMI Air – have closed in the last two years. This year, in particular, has seen numerous runway mishaps and technical failures.

Nevertheless, many airlines are optimistic that the cold streak is ending. MAI is not the only airline to expand. Gold-en Myanmar Airlines (GMA) recently added three aircraft to its fleet in order to expand its catalog of local routes. GMA CEO U Kyaw Nyein said growing tourism from China will help boost aviation.

"We see an improvement in terms of passenger numbers now compared to previously. We noticed that more round-trip tickets are being bought. And there is some improvement in terms of foreign tourist numbers," U Kyaw Nyein said.

**Source: Thura Swiss News (Issue 385 October 03, 2019)**

## STOCK EXCHANGE (4.10.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 3,043 | 34,994,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,900 | 3,900 | 3,850 | 16,754 | 64,708,500 | 38,929,150 | 149,877 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 360 | 3,024,000 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,500 | 23,000 | 38 | 877,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 2,815 | 8,305,700 | 12,823,224 | 37,829 |

## Market summary

As of 4th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.11 | -2.79 | -0.59% | 472.00 | 472.00 | 470.11 | 23,010 | 111,909,700 | 5 | 643,728 |

### Index chart




# Market Overview

As of 1:00 pm, 4th Oct. 2019

| MYANPIX-1 | 470.11<br>2.79 |
|---|---|
| Total Volume (shares) | 23,010 |
| Total Value (MMK) | 112 mil |
| Listed Company | 5 |
| Market Cap. (MMK) | 643,728 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 0 |
| MTSH | 00002 | 3,850 | 50 |
| MCB | 00003 | 8,400 | 0 |
| FPB | 00004 | 23,000 | 500 |
| TMH | 00005 | 2,950 | 50 |